www.dhammaransi.com

# အဘိဓမ္မာအခါတော်နေ့



www.dhammaransi.com



www.dhammaransi.com




သူဌေးကြီးက အိမ်ရောက်သော် တူအချွန်ဖြင့် ပေါက်ကြည့်လိုက်ရာ.. အနီရောင် တောက်ပနေသော စန္ဒကူးနီ အနှစ်တုံးကြီးမှန်း သိလေတော့၏ ..
Putet Comics
ဟာ.. ဒီ အဖိုးတန် စန္ဒကူးအနှစ် တုံးကြီးပဲ.. ဒါကို ဘယ်လိုလုပ် ရမလဲ သူဌေး.. အမွှေးအကြိုင် များ လုပ်ဖို့ မကောင်းပေဘူး လား..
ငါ့တပည့်.. ဒီလို မလုပ်ချင်ဘူး.. ငါ စဉ်းစားဦးမယ်..
အဖိုးတန်သော စန္ဒကူးနီ အနှစ်တုံးကို မည်သို့ လုပ် လျှင် ကောင်းမည်နည်းဟု စဉ်းစားချေ၏ ..
အင်း..ငါတို့ မြို့မှာ ရဟန္တာ ဆိုပြီး ကြွေးကြော်တဲ့ သူတွေ တော်တော် များလှတယ်.. ဟုတ်ပြီ.. ဒီ စန္ဒကူးနီ အနှစ် တုံးကို သပိတ် ထုလုပ်ပြီး.. ငါ့ အိမ်ရှေ့ မှာ.. ဝါး ဆယ်ပြန် အမြင့်ပေါ်မှာ သပိတ် ကို ချိတ်ဆွဲပြီး.. အများ သိအောင် ဒီလို စာရေး ကြော်ငြာထားမယ်..


အကယ်၍.. ဤ လောကတွင် အမှန်တကယ် ရဟန္တာ ရှိပါမူကား.. ကောင်းကင် ဆီမှဖြင့် ကြွချီလာပြီး.. ဤ သပိတ်ကို ယူတော်မူပါလော့.. ထို ရဟန္တာပုဂ္ဂိုလ်အား တစ်သက်လုံး ငါ့အပါအဝင် သားမယားများ ကပါ ကိုးကွယ် ဆည်းကပ် ပါမည်..
သူဌေးကြီးသည် သူ၏ စိတ်ကူးအတိုင်း စန္ဒကူးနီတုံးကို သပိတ် ထွင်းထုလေ၏.. ထို သပိတ်ကို ဝါးနှစ်ပြန် အတောင် ခြောက်ဆယ် အမြင့်၌ ချိတ်ဆွဲထားလေသည် ..
သပိတ် ကြီးကို ကောင်းကင် မှာ ချိတ်ထားပါ လား..
Putet Comics
မြို့သူမြို့သားများကား အုတ်အော်သောင်း နင်း ဖြစ်ကုန်ကြ၏ ..


သူဌေးကြီး ဟာ ရူးသွားပြီကြီး...ငါတို့ ကိုးကွယ်နေတဲ့ ရဟန်းတော်တွေ ကို... သူ့ရဲ့ သပိတ် တစ်လုံးကို တောင် ပူဇော်ခြင်းရှာပါလိမ့်မှာ..
Putet Comics
မင်းကလဲ သူဌေးကြီးမှာ...ဘာသာ အယူအဆ ဘာမှ မရှိဘူးလေ.. တို့မြို့မှာကလည်း...ရဟန္တာလို့ ပြောနေတဲ့ ပုဂ္ဂိုလ်က များသား လား.. မသင့်ပါဘူး..
ကဲ.. သွား မပြောနဲ့.. ဒီသူဌေး က ဘယ်သူ့မှ မကိုးကွယ် တဲ့ လူပေါ့..
အင်း..ကြည့်ရ တာပေါ့လေ.. ဘယ်ပုဂ္ဂိုလ် က သပိတ်ကို ယူနိုင်မလဲဆို- ကောင်းကင်ကနေ ပျံပြီး ယူနိုင် တဲ့ ပုဂ္ဂိုလ်ကတော့ အာကပါ ပဲလေ..

www.dhammaransi.com




အို..ကိုယ်တော်.. တို့ ဆရာကြီးတွေက ဒီ ဝါးလုံး နှစ်ဆယ်တောင် အမြင့် မပြော နဲ့..ကျုပ် တစ်ထွာလောက်တောင် မြေကနေ ကြွနိုင်ပါ့မလား..
Putet Comics
နေပါဦးလေ.. တို့ ဆရာကြီးများကို လည်း သွားရောက် ဆွေးနွေး ကြတာပေါ့လေ..
တပည့် အပေါင်းအား တိတ္ထိ ဆရာကြီး ခြောက်ဦး ထံသို့ ရောက်ရှိ၍ စန္ဒကူး သပိတ် အကြောင်းကို လျှောက်တင်လေ၏ ..
အို.. ဒီ ဘာမဟုတ်တဲ့ သပိတ် ကို ငါတို့ ကောင်းကင် သို့ မကြွ သင့်ပါဘူး.. ထိုအတိုင်း ပြော၍ သပိတ်ကို ယူခဲ့ပါလေ..

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




ဆရာ.. ဘာမှ မဟုတ်တဲ့ ဒီ သပိတ်လေးကြောင့် ဆရာရဲ့ ဖုံးကွယ် သိမ်းဆည်းထားတဲ့ ပညာတွေကို လူပုံအလယ်မှာ ထုတ်မပြသင့်ပါဘူး..သည်းခံပါ ဆရာ..
နိဂရောလည်း တပည့်များ ဝိုင်းဝန်း ဆွဲချုပ်ထားရာမှ ရုန်းထွက်ပြီး ..
ဟုတ်ပေ သားပဲ..ဘာမှ မဟုတ်တဲ့ ဒီသပိတ်ကြောင့်..မပြသင့်တဲ့..ပညာတွေကို.. အသုံးတည့်တဲ့ ငါ့ ပညာ အစွမ်းတွေကို ပြမှတော့ မလို့.. တပည့်တို့ တားပေ လို့..
ထိုအခါ နိဂရောဏ၏ တပည့်တစ်ဦးက သူဌေးကြီးအား ..
Putet Comics
ကဲ..သူဌေးကြီး.. အခု မြင်ပြီ မဟုတ်လား.. ငါတို့၏ ဆရာမှာ ဖုံးကွယ်ထား သော ပညာတွေ ပြမှတော့ မလို့.. ဒီတော့..သူဌေးကြီး.. ဒီ သပိတ်ကို ငါတို့ရဲ့ ဆရာကိုပဲ ရိုသေသမှုနဲ့ ပေးလိုက်ပါတော့..
သူဌေးကြီးကား ခေါင်းကို ခါမြဲတိုင်း ခါပြီး ..
အရှင်.. ကျောင်းကဆိုကို ပုံ တက်ပြီးပဲ ယူပါ တော့..

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




အရှင် ပိဏ္ဍောလဘာရဒွါဇလည်း လက်ခံလိုက်ပြီးနောက်..
အဘိညာဉ်ကို အခြေခံသော စတုတ္ထ ဈာန်သမာပတ်
ကို ဝင်စားပြီး..သုံးဂါဝုတ် ပမာဏရှိသော ကျောက်
ဖျာကြီးကို.. ဝါဂွမ်းလေးကို ခြေဖြင့် ညှပ်ယူသကဲ့သို့
မ ယူပြီး.. ကျောက်ဖျာပေါ်မှ.. ကောင်းကင်ခရီးဖြင့်
ရာဇဂြိုဟ်မြို့ပေါ်သို့ ခုနစ်ပတ် ပတ်လေ၏ ..
Putet Comics
၁၆


ဟာ.. ပြောင်းလိုက် လဲလိုက် နဲ့.. မြို့ထဲမှာ ဟာတွေ ဖြစ်နေပါလိမ့်..
Putet Comics
မြို့တစ်မြို့တမျှ ကြီးမားလှသော ကျောက်ဖျာကြီးမှာ.. ကောင်းကင်၌ ပိတ်ဆို့ထားသဖြင့် တစ်မြို့လုံး မှောင်အတိ ကျလေ၏.. မြို့သူမြို့သားများ ကြောက်လန့်တကြား ပြေးလွှားပုန်းခိုကြ၏..
ကိုဒင် လက်နဲ့ အုပ်ပြီး.. ခေါင်း ပေါ်တင်,ကာရုံ ရ မလား..
ကျောက်ဖျာ ကြီး မြေကြီးကျရင် ဒုန်းတောင် မြေကြီးထဲ ရောက်သွားဦး မယ်..
ထိုနောက်.. အရှင် ပိဏ္ဍောလဘာရဒွါဇမှာ မြို့သူမြို့သားများ ကြောက်လန့်သွားသည် ကို မြင်၍.. ကျောက်ဖျာကြီးကို ခြေဖြင့် ခတ်ထုတ်ပြီး.. သူ့နေရာသို့ သူ ပြန်ပို့လိုက် လေ၏..
၁၈

www.dhammaransi.com



www.dhammaransi.com




ထိုအချိန်တွင်.. အရှင်ဘာရဒွါဇသည် သူဌေးကြီး အိမ်မှ နောက်လိုက်ပါသော လူအုပ်ကြီး များဖြင့် ကျောင်းသို့ ပြန်ကြွ နေချေသည် ..
မြို့သူမြို့သားများက အုံးအုံး ကြွက်ကြွက်ဖြင့် နောက်မှ လိုက်ကြ၏ ..
အရှင်ဘုရား.. ရပ်ပါဦး ဘုရား..
တပည့်တော်တို့ကိုလည်း တန်ခိုး ပြပါဦး ဘုရား..
မြင်ဖူးချင်လို့ပါ ဘုရား..
အရှင်ဘာရဒွါဇလည်း.. လူစုလူဝေးများ၏ တောင်းဆိုချက်ကြောင့် ရယ်.. သာသနာတော်ကို အထင်သေး ခံရမှာ စိုးသောကြောင့် ရယ်.. တန်ခိုး ပြရချေ၏ ..
Putet Comics
ကောင်းကင်၌ ရပ်တန့် ကြွ၍ တန်ခိုး ပြရသည် ..
၂၀

www.dhammaransi.com





အာနန္ဒာ.. ငါးဖမ်းသည်များကဲ့သို့ ဆူညံသော အသံများက အဘယ်သူများရဲ့ အသံပါလဲ..
မြတ်စွာဘုရား.. အရှင် ပိဏ္ဍောလ ဘာရဒွါဇဟာ ကောင်းကင်မှာ တန်ခိုးပြသပြီး စန္ဒကူးသပိတ်ကို ယူဆောင်လာကာ..
ထိုအရပ်မှ လူများက.. တန်ခိုးပြသည်ကို မမြင်ဖူး၍ ကျောင်းတော်အထိ လိုက်လာပြီး တန်ခိုးပြနေသည်ကို.. အုတ်အော်သောင်းနင်း ဆူညံ အံ့ဩနေကြခြင်းဖြစ်ပါတယ်..
Putet Comics
အာနန္ဒာ.. ငါဘုရား အမိန့်ဖြင့် ဘာရဒွါဇကို ခေါ်ချေလော့..
အရှင် ဘာရဒွါဇ ဘုရားရှေ့သို့ ရောက်လာသောအခါ ဘုရားရှင်က ဤသို့ ဆိုလေတော့၏..

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




မြတ်စွာဘုရား.. အရှင်ဘုရားသည် ရဟန်း သံဃာများ တန်ခိုး မပြရဟု ဆိုသည့် သိက္ခာပုဒ် တစ်ခု ပညတ် သည်ဟု ကြားရပါသည်.. မှန်ပါ သလော အရှင်ဘုရား..
မှန်ပါတယ် မင်းကြီး..
ယခု အခါ တိတ္ထိတို့ဟာ မြို့တွင်း ကို လှည့်လည်ပြီး..သူတို့တွေ တန်ခိုး ပြမည်လို့ ကြွေးကြော် နေကြပါတယ်..ဘယ်လို လုပ် ကြမည်လဲ အရှင်ဘုရား..
တိတ္ထိတို့ တန်ခိုး ပြပါက ငါဘုရားလည်း ပြမယ်..
ဟာ.. အရှင်ဘုရား..သိက္ခာ ပုဒ် ပညတ်ထားသည် မဟုတ်ပါလော..
မှန်ပါတယ်.. ငါ၏ တပည့်များ တန်ခိုး မပြနိုင်အောင် တတ်ထားခြင်း သာ ဖြစ်ပြီး ငါဘုရားနှင့် မဆိုင်ပေ..
အရှင် ဘုရား အတွက် ချမှတ်ထားတဲ့ သိက္ခာ ပုဒ် ဆိုတာ ရှိပါသလော ဘုရား..
Putet Comics


အရှင်မင်းကြီး.. သိပ် အဝင် မကျပါက.. သင် မင်းကြီးကို ပြန်မေး ပါဦးမည်..
မေးတော် မူပါ ဘုရား..
သင်မင်းကြီး၊ ဤ တိုင်းနိုင်ငံထဲမှာ မင်း အတွက် သီးသန့် ထိုက် တန်သော မင်းဥယျာဉ်ရှိ ပါ သလော..
ရှိပါ၏ ဘုရား..
အရှင်မင်းကြီး.. မြို့သူမြို့သားတို့သည် သင်၏ မင်း ဥယျာဉ်ထဲမှ သရက်သီးတွေကို ယူသွားမယ် ဆိုလျှင် အဘယ်သို့ ပြုမည် နည်း..
မင်းပြစ် မင်းဒဏ် ထိုက်တန် ပါ၏ - ဒဏ်ပေးရ ပါမည်..
အကယ်၍ အရှင်မင်းကြီး စား လျှင်ရော..
အရှင်ဘုရား.. တပည့်တော်သည် စား၍ ရပါ၏.. တပည့်တော်အား မင်းဒဏ် မသင့်ပါ.. တပည့်တော် ပိုင်သော ဥယျာဉ်ကို တပည့်တော် စားခြင်းငှာ အခွင့် ရပါ၏..
၂၈
Putet Comics

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သည် ရာဇဂြိုဟ်မြို့မှ..မြို့ငယ်လေး များကို အစဉ်အတိုင်း ဘွမ်းဝါ့ကြွချီ၍ တဖြည်းဖြည်းချင်း ကြွချီလာခဲ့ကြ၏..
Putet Comics
တိတ္ထိတို့ကလည်း အနောက် မှ ကသိဂ္ဂါ လိုက်ကြလေ၏..
မကြာမီ သာဝတ္ထိသို့ မြတ်စွာဘုရား ရောက်ရှိချေ၏..ရှင်ဘုရင်နှင့် တကွ ပြည်သူပြည်သားများက ခရီးဦး ကြိုဆို မျှော်ကြ၏ ..
တိတ္ထိတို့လည်း..သာဝတ္ထိသို့ ရောက်ရှိပြီး ပုဒ်တို့ကို ကိုးကွယ်နေကြသည့် လူအချို့တို့ထံမှ အလှူငွေ ကောက်ခံပြီး မဏ္ဍပ်ကြီး တစ်ခု ဆောက်လေ၏.. ထို မဏ္ဍပ်ကို နီညိုရောင်တန်းများဖြင့် တန်ဆာဆင် ထားကြ၏ ..
၃၁

www.dhammaransi.com



www.dhammaransi.com




Putet Comics
ဗိမ္ဗိသာရ ဘုရင်ကြီး၏ ဥယျာဉ်တော် အတွင်း၌.. ဥယျာဉ်စောင့် လုပ်နေသော 'ကဏ္ဍ' ဆိုသည့် ဥယျာဉ်မှူး သည် ဤသို့ တွေးမိလေ၏ ..
တိတ္ထိ တို့မှာ မြို့တွင်း တစ်ယူဇနာခရီးတဲ့ နေရာ က သရက်ပင်တွေကို ချိုက် ခုတ်နေတယ်.. ဘာအကြောင်း ကြောင့်ပါလဲ.. ငါ၏ ဥယျာဉ် တွင်ရှိ သရက်ပင်တို့ကို ငါ စောင့်ရှောက်ရမယ်..
တစ်နေ့.. သရက်သီး တုံ့ချိန်၌.. ဖြေးဖြေးပါးပါး သရက်တစ်ပင်၌.. ဒါချပ်ကျုံ့များ ဖုံးအုပ်ကာ နေသော သရက်သီးမှည့်ကြီး တစ်လုံးကို သွားတွေ့လေ၏ ..
ဟန်ကျလိုက် လေ.. အရှင်မင်းကြီးက သရက်သီး ကြိုက်နှစ်သက်တော် မူတယ်.. အရှင်မင်းကြီးကို ဖြေးဖြေး ပါးပါး သရက်သီးတုံးချိန်မှာ ဆက် သရလျှင်ဖြင့်.. အသပြာ ရှစ်ခု ကြောက်ခု လောက်တော့ ရမှာ ပေါ်ထိမှာပဲ..
ကဏ္ဍလည်း သရက်သီးကို ယူ၍ ဥယျာဉ်မှ အထွက် မြတ်စွာ ဘုရားရှင်သည် ဝါဆိုလပြည့်နေ့ မြတ်မြို့ မြို့တွင်းသို့ ကြွချီ လာခဲ့၏ ..
၃၅

www.dhammaransi.com




ရှင်အာနန္ဒာက..မြင့်မြတ်သော နိသီဒိုင် အခင်းကို ခင်းပေးလေ၏ ..
မြတ်စွာဘုရား သီတင်းသုံး ထိုင်နေတော်မူစဉ် ရှင်အာနန္ဒာ လည်း.. ရေကို စစ်.. ဝေါကြွယ်ပါသောင် ဆေးပြီး သရက်သီးမှည့် ကို သပိတ်ထဲတွင် နယ်ချေပြီး..သရက်သီး ဖျော်ရည်လုပ် ကာ မြတ်စွာဘုရားကို ကပ်လှူလေ၏ ..
အရှင် အာနန္ဒာ..ဒီ သရက် သီး အစေ့ကို ယူ ခဲ့..
အသင် ကဏ္ဍက..ဒီ သရက် စေ့ကို ယူ၍ အညပ် စိုက်ပျိုးပါ..
ကဏ္ဍကလည်း ဘုရား ရှင် စေခိုင်းသည့် အတိုင်း ချက်ခြင်းပင် မြေကို တူးဆွ၍ စိုက်လေ၏ ..
Putet Comics

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




ထို့နောက်.. အသီးသီး ရှင်ပြုတော်မူ ကြလေကုန်၏.. ရှင်အနုရုဒ္ဓထေရ် သည် ကျွဲသို့ လျှောက်လေ၏..
မြတ်စွာဘုရား.. တပည့်တော်သည် (၁) ယူဇနာ ခန္ဓာကိုယ်ရှိသော ဗြဟ္မာကြီး အသွင် ဖန်ဆင်းထားပြီး ကျွဲ ပရိသတ် အလယ်၌ မိုးချုန်းသကဲ့သို့ ဗြဟ္မာကြီး၏ လက်ပေါင်း ခတ်သံကို ခတ်ပြပါအံ့.. လူအပေါင်းက အဘယ်ပါလိမ့်ဟု မေးသော်.. ရှင်အနုရုဒ္ဓ ထေရ်၏ လက်ပေါင်းခတ်သံဟု ဆိုကြလတ္တံ့..
Putet Comics
ထိုအခါ တိတ္ထိတို့သည် တပည့် လူ ဒါယကာတောင် ကျွဲမှ တန်ခိုး အာနုဘော် ကြီးနေ လျှင်.. ဘုရားဆိုလျှင် ပြော ဖွယ် မရှိတော့ဟု..ဘုရား ကို အတွေ့မခံဘဲ ပြေး ကြလတ္တံ့..
ထို့နောက်.. ခုနစ်နှစ် အတွင်း၌ပင် ပဋိသမ္ဘိဒါ လေးပါးနှင့် ဂုဏ်နှာမြစ်သော ဒိဗ္ဗ မည်သော သာမဏေသည် မြတ်စွာဘုရားကို တန်ခိုးပြရန် လျှောက်ထားလေ၏ ..
မြတ်စွာဘုရား.. တပည့်တော်သည် မြင်းမိုရ် တောင်ကို ၎င်း.. စကြဝဠာတောင်ကို ၎င်း..ဟိမဝန္တာတောင်ကို၎င်း.. ကျွဲ နေရာသို့ ယူဆောင်လာပြီး အလည် အတိုင်း ချထားကာ..
တပည့်တော် မသည်.. ဟင်္သာရှက်မ အသွင်ယူပြီး.. တောင်တစ်ခုမှ တစ်ခု ထိသတ်ပြီး ပျံသန်းပြ ပါမည်ဘုရား..
မြတ်စွာဘုရားသည် ပယ် တော်မူလေ၏ ..
၅၀

www.dhammaransi.com



www.dhammaransi.com




ထို့နောက်.. ရောင်ခြည်တော် ခြောက်သွယ် သည်.. ရေလျှံ..မီး လျှံ တို့ဖြင့် ကွန့်မြူး..
ထို့နောက်..မြတ်စွာဘုရားသည် နိမ္မိတ ဘုရားရှင်ကို ဖန်ဆင်းလေ၏.. ပကတိ မြတ်စွာဘုရားက စင်္ကြံ လျှောက်လျှင်.. နိမ္မိတ ဘုရားရှင်သည် ရပ်၏..ထိုင်၏..အိပ်၏..နိမ္မိတ ဘုရားရှင်က စင်္ကြံ သွားလျှင် ပကတိ ဘုရားရှင်က ရပ်၏..ထိုင်၏..အိပ်၏..
Putet Comics
၅၃

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




သိကြားမင်းသည် မြတ်စွာဘုရားကို ဖူးရသော အခါ ဤသို့ တွေးမိ လေ၏ ..
ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ မြတ်စွာ ဘုရားသည် ဝါကပ်တော် မူမည်ထင် ၏.. မြတ်စွာဘုရားသီတင်းသုံးသော် နတ် တို့အား အကျိုးစီးပွား ဖြစ်လတ္တံ့.. သို့သော် မြတ်စွာဘုရားသည် လူဘုရားဖြစ်သော ကြောင့်.. နတ်သန္တာနှင့် စာလျှင် သေး ပေ၏..
ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ယူဇနာ (၆၀) ရှည်၏.. ယူဇနာ (၅၀) ကျယ်ပြန့်၏.. မြတ်ဘုရား ထိုင်ပါက.. နေရာက ကြီးပြီး နေရာလွတ်များ အချည်းနှီး ဖြစ်ပေလိမ့် မည်.. အယ် နတ်ရွာမှ ဘုရား ပလ္လင်ပေါ် သို့ လက်တော်တင် ထားရုံသည် မဟုတ်..
Putet Comics
မြတ်စွာဘုရားသည် သိကြားမင်း ၏ စိတ်အကြံကို သိသောကြောင့် ဒုကုဋ်သင်္ကန်းကြီးကို ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပေါ်သို့ ဖြန့်ခင်းလေ၏..
သင်္ကန်း ကိုတော့ ကျောက်ဖျာနှင့် ကွက်တိ ခင်းပြီးပြီ.. ကိုယ်တော်ကရော အနည်းငယ် သေးငယ်သော နေရာ ၌ ထိုင်တော်မူ လတ္တံ့..
၅၈

www.dhammaransi.com



www.dhammaransi.com




ဝါတွင်း သုံးလပတ်လုံး စူဠ အနာထပိဏ် သူဌေးသည် ထိုပရိသတ်တို့ အား လျောက်ပတ်သင့်လျော်သော အာဟာရ.. ခဲဖွယ် ဘောဇဉ်တို့အား ပေး လှူကြလေ၏.. မဟာမောဂ္ဂလာန် မထေရ်သည် တရားဟောတော်မူ၏ ..
Putet Comics
မြတ်စွာဘုရားသည် စကြဝဠာ တိုက်တစ်သောင်းမှ ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းအား အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူ၏.. မယ်တော်ဖြစ်ဖူးသော သန္တုသိတ နတ်သားသည် တုသိတာ နတ်ပြည်မှ လာပြီး မြတ်စွာဘုရား၏ လက်ျာနံပါးတွင် ထိုင်လေ၏.. ဣန္ဒက နတ်သားသည် လည်း လက်ျာ နံပါးတွင် ထိုင်လေ၏.. အင်္ကုရ နတ်သားသည် မြတ်ဘုရား၏ လက်ဝဲတွင် နေ၏ ..

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




မထေရ်သည် မြတ်စွာဘုရားကို ရှိခိုးပြီး ဤသို့ လျှောက်လေ၏ ..
အရှင်ဘုရား.. ပရိသတ်တို့သည် အရှင်ဘုရားကို ဖူးတွေ့ပြီးမှ သွားလို ကြပါကုန်၏.. အဘယ်အခါ လူ့ပြည် ပြန်ဆင်းပါမည် နည်း..
မောဂ္ဂလာန်.. သင်တို့၏ အစ်ကိုကြီး အရှင် သာရိပုတ္တရာသည် အခု အဘယ် အရပ်မှာနည်း..
သင်္ကဿ နဂိုရ်ပြည်မှာ ဝါကပ် ပါ၏ ဘုရား..
မောဂ္ဂလာန်.. ယနေ့မှ ခုနစ်ရက်မြောက် သော မဟာပဝါရဏာနေ့တွင် သင်္ကဿ နဂိုရ်ပြည် မြို့တံခါးတွင် သက်ဆင်းမည်.. ငါဘုရားကို ဖူးလိုကြကုန်သော သူတို့သည် လာကြကုန်လော့.. သာဝတ္ထိမှ သင်္ကဿ နဂိုရ် မြို့တံခါးသည် ယူဇနာ သုံးဆယ် ဝေးကွာ၏.. ထိုမျှ အကွာအဝေး လမ်း ဆို ရိက္ခာအတွက် ပူပင်မှု မရှိရ ပါ..
ဥပုသ် ဆောင်သုံးကြပြီး ကျောင်း သို့ လာသော နည်းအတိုင်း လာ ကြပါစေဟု ထို ပရိသတ် အား ပြောပါ..
ထေရ်အား ထိုသို့ မိန့်ကြားလေ၏.. မထေရ်သည် ပရိသတ်တို့ အား.. ဘုရား မိန့်မှာသည့် အတိုင်း ပြောပြလေ၏..
Putet Comics
၆၆

www.dhammaransi.com




ဗြဟ္မာပြည် တိုင်အောင်
အကာအကွယ် မရှိ တစ်ခု
တည်း မြင်လေ၏ ..
အောက်သို့ ငုံ့ကြည့်တော်မူ၏..
အဝီစိ တိုင်အောင် အကာအကွယ်
မရှိ မြင်ရလေ၏ ..
စကြဝဠာ တစ်သိန်းသည်
တခဲနက် ဟင်းလင်းပေါက်
မြင်နေရ၏ ..
Putet Comics
နတ်တို့သည် လူတို့ကို မြင်နေရကြသည်
ထို.. လူတို့သည် နတ်တို့ကို အတိုင်းသား
မြင်နေရကြနိုင်၏ ..
၆၈

www.dhammaransi.com



www.dhammaransi.com




ဤကား ခပ်သိမ်းသော ဘုရားရှင်တို့ ပြုလုပ်မြဲ ဖြစ်သော ရေမီးစုံ တန်ခိုး ပြာဋိဟာကို ပြပြီး နတ်ပြည်မှ ဝါဆိုကာ သင်္ကဿနဂိုရ်သို့ သက်ဆင်းခြင်းတည်း.. ထိုနေ့ကား.. မဟာပဝါရဏာနေ့ သီတင်းကျွတ် လပြည့်နေ့ပင် ဖြစ်ချေတော့၏ ..

www.dhammaransi.com

